(ဇန်နဝါရီ ၁၃ ရက် မှအဆက်)



# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

မင်းဗလူး

မွန်ဂိုလီးယားနိုင်ငံသည် ပါလီမန်စနစ်ကျင့်သုံးတဲ့ သမ္မတနိုင်ငံဖြစ်ပါတယ်။ သမ္မတဟာ ပါလီမန်ဆုံးဖြတ်ချက်ကို ပိတ်ပင်နိုင်ပေမယ့် ရုပ်ပြသဘော ပိုဆောင်ပါတယ်။ ဝန်ကြီးချုပ်ကို ပါလီမန်က အတည်ပြုရပါတယ်။ လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲရှိပါတယ်။ နိုင်ငံရေး ပါတီများစွာ ရှိပေမယ့်လည်း အဓိကပါတီကြီး နှစ်ခုသာရှိပါတယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးမှာ လူထုအဖွဲ့အစည်းများ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ခဲ့ကြပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများက ပြည်သူ့ခေါင်းဆောင်များ တာဝန်ခံမှု မရှိခြင်းကိုစွဲပြည်သူ့ ရေးရာ စီမံခန့်ခွဲမှု၌ မကြာခဏ အပြောင်းအလဲများခြင်းကိုစွဲ၊ တရားဥပဒေရေးရာ အကူ အညီပေးရေးကိုစွဲ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုစွဲစတဲ့ လုပ်ငန်းတွေမှာ ပါဝင်ပတ်သက်နေ ကြောင်းတွေ့ရပါတယ်။ ၂၀၀၄ခုနှစ်မှာ တည်ထောင်တဲ့ ပွင့်လင်းလူ့ဘောင် အဖွဲ့အစည်းဟာ အကြီးဆုံးအဖွဲ့ အစည်းတစ်ခုဖြစ်ပြီး ပြည်သူ့ရေးရာ မူဝါဒဖွံ့ဖြိုးရေးမှာ ပြည်သူများ ပါဝင်နိုင်ဖို့ အထောက်အကူ ပေးလျက်ရှိပါတယ်။

အဓိကကျတဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု နဲ့ ပြည်သူ့ဝန်ထမ်းရေးရာ ပြုပြင်ပြောင်းလဲမှုများကို ၁၉၉၀ ပြည့်လွန် အစောပိုင်းနှစ်များက စတင်ပြုလုပ်ခဲ့ပါတယ်။။ ၂၀၀၀ ပြည့်နှစ်ကစပြီး ဦးစီး ဌာနများ စွမ်းဆောင်ရည်မြှင့်တင်ရေး နဲ့ ထိရောက်မှုရှိစေရေးကို ဦးစားပေးခဲ့ပါတယ်။ ပြုပြင် ပြောင်းလဲမှုများ လုပ်ထားပေမယ့်လည်း မွန်ဂိုလီးယား ပြည်သူ့ဝန်ထမ်းများရဲ့ အရွယ်အစားဟာ ကြီးမားမြဲကြီးမားနေပြီး လစာနှုန်းထားများမှာများစွာ ချို့ထားဆဲဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစီမံချက်ကို ၂၀၀၇ခုနှစ်မှာချမှတ်ခဲ့ပါတယ်။ အထက်တန်းရာထူးများ ကို ယှဉ်ပြိုင်မှုဖြင့် အရွေးချယ်ခံရေး၊ လူသားအရင်း အမြစ်စီမံခန့်ခွဲမှု သတင်းအချက်အလက် စံနစ် အသုံးပြုရေး၊ လုပ်သားဈေးကွက် နဲ့ ကိုက်ညီပြီး စွမ်းဆောင်ရည်ကို အခြေခံတဲ့လစာစနစ် ဖြစ်လာ ရေးတို့ကို ဦးတည်ချက်ထားရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်ကို ၁၉၉၂ ခုနှစ်တွင် အတည်ပြုခဲ့ပြီးနောက် ဥပဒေ၊ နည်း ဥပဒေ အသစ်များရေးဆွဲပြီး ဈေးကွက်စီးပွားရေး စနစ်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ခဲ့ကြပေမယ့်လည်း ဥပဒေရေးရာမူဘောင်တွင် ကွာဟချက်များ ရှိနေဆဲဖြစ်ပါတယ်။ ဆိုရှယ်လစ် ခေတ်က ဥပဒေပြုရေး ၊ တရားစီရင်ရေး အငွေ့အသက်များ မကင်းနိုင်ဘဲရှိနေပါတယ် ။ တရားမ

ကြောင်းမှာ အထိုက်အလျောက် အဆင်ပြေနေပေမယ့် ပြစ်မှုကြောင်းမှာ စိုးရိမ်ဖွယ်ရှိကြောင်း ၂၀၀၄ ခုနှစ်တွင် အာရှဖွံ့ဖြိုးတိုးတက်ရေး ဘဏ်က ဆိုပါတယ်။

၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ကြီးရဲ့ အကျင့်ပျက်ခြစားမှုအညွှန်းကိန်းအရ နိုင်ငံပေါင်း(၁၈၀)မှာ မွန်ဂိုလီယားနိုင်ငံဟာ အဆင့်(၁၀၂) ဖြစ်ပါတယ်။ ဒီ အညွှန်းကိန်းအရ အကျင့်ပျက်ခြစားမှု ပြဿနာကိုဖြေရှင်းဖို့ ရှိနေတာ ထင်ရှားပါတယ်။

ဗီယက်နမ်အစိုးရနဲ့ အမျိုးသားညီလာခံအပေါ် လူထုရဲ့ယုံကြည်စိတ်ချရမှု မြင့်မားစွာရှိနေကြောင်း ကမ္ဘာ့တန်ဖိုးထားမှုများ အညွှန်းကိန်းများအရ တွေ့ရပါတယ်။ ပြည်သူ့ဝန်ထမ်း ဌာနများ၊ မီဒီယာနဲ့ကုမ္ပဏီကြီးများ အပေါ်မှာတော့ ယုံကြည်စိတ်ချရမှု လျော့နည်းနေပါတယ်။ ဆိုရှယ်လစ်နိုင်ငံဖြစ်ပြီး ပါတီရဲ့ဖွဲ့စည်းမှုဟာ အစိုးရအုပ်ချုပ်ရေးယန္တရားနဲ့ တစ်တန်းတည်းထားရှိပါတယ်။ အမျိုးသားညီလာခံဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေထိန်းသိမ်းမှု နဲ့ ဥပဒေပြုမှု အာဏာရှိပါတယ်။ ယခင်က ကွန်မြူနစ်ပါတီရဲ့ ညွှန်ကြားမှုကိုခံယူပြီး လုပ်ဆောင် ရပေမယ့် မကြာမီကပြည်သူလူထုရဲ့ တိုက်ရိုက်လိုလားချက်များကို ဆောင်ရွက်နိုင်အောင် ပိုမိုလွတ်လပ်တဲ့ အခြေအနေကိုရောက်ခဲ့ပါတယ်။ သမ္မတကို အမျိုးသားညီလာခံက ရွေးချယ်ပြီး သက်တမ်းငါးနှစ် ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကို အမျိုးသားညီလာခံ အမှုဆောင်များထဲမှ သမ္မတကရွေးချယ်ပါတယ်။ ကက်ဘိနက်ကို ဝန်ကြီးချုပ်က ရွေးချယ်တင်ပြပြီး သမ္မတရဲ့ သဘောတူညီမှုနဲ့ညီလာခံက အတည်ပြုရပါတယ်။

ယခင်နှစ်များစွာက လူမှုအဖွဲ့အစည်း အကြောင်းပြောလို့ မရပေမယ့် ယခုအခါ ဆွေးနွေးနိုင်ကြပြီဖြစ်ပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းပေါင်း ၂၀၀၀ ခန့်ရှိတယ်လို့ ၂၀၀၆ခုနှစ်စာရင်းများအရ တွေ့ရှိရပါတယ်။ အများစုဟာ အကူအညီပေးရေး စေတနာ့ဝန်ထမ်း လုပ်ငန်းများလုပ်ဆောင်နေတဲ့ အဖွဲ့များဖြစ်ပါတယ်။ ယခင်ကပါတီရဲ့ ဦးဆောင်မှုအောက်မှာရှိတဲ့ အဖွဲ့အစည်းများဟာ လွန်ခဲ့တဲ့ ၁၀နှစ် ကျော်ကစပြီး ပိုမိုလွတ်လပ် လာကြပါတယ်။ ဈေးကွက်ရှေးရှုတဲ့ ပြုပြင်ပြောင်းလဲမှုများနဲ့ တိုင်းပြည်ရဲ့စီးပွားရေးကို လျင်မြန်စွာတိုးတက်လာ စေခဲ့တယ်လို့ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၀၄ ခုနှစ် အစီရင်ခံစာအရ သိရပါတယ်။ ဘုံ အကျိုးစီးပွားအတွက် အစိုးရ၊ ဈေးကွက်နဲ့ လူထုပါဝင်မှုဟာ ဆီလျော်တဲ့ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများစွာကို ဖြစ်ပေါ်စေခဲ့ပါတယ်။ နိုင်ငံရေး ယှဉ်ပြိုင်မှုမရှိသော်လည်း စီးပွားရေးအရ ယှဉ်ပြိုင်မှုမှာများစွာ ပွင့်လင်းနေပြီဖြစ်ပါတယ်။ ၂၀၀၁ခုနှစ်မှာ အတည်ပြုခဲ့တဲ့ ပြည်သူ့ရေးရာ အုပ်ချုပ်မှု ပြန်လည်ပြင်ဆင်ရေး အစီအစဉ်တွင်

(၁) လေးလံ၍ကျယ်ဝန်းသော အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများအား ရှင်းလင်း လွယ်ကူ၍ ထင်သာမြင်သာ ရှိသော အစီအစဉ်ဖြင့် အစားထိုးရန်၊

(၂) ကြိုးနီစနစ်နှင့် အကျင့်ပျက်ခြစားမှုများ လျော့ချရန်၊

(၃) ဦးစီးဌာနနှင့် အုပ်ချုပ်ရေးလုပ်ငန်း အဆောက်အအုံတို့၏ ပန်းတိုင်နှင့် လုပ်ဆောင်ချက်များ ရှင်းလင်းတိကျရန်၊

(၄) တိုင်း/ခရိုင်အုပ်ချုပ်ရေးနှင့် ဗဟိုအုပ်ချုပ်ရေး ပြန်လည်သတ်မှတ်ရန်၊

(၅) ဝန်ကြီးဌာနများ၏ ဖွဲ့စည်းတည်ဆောက်ပုံ သဘာဝကျကျ ဖြစ်လာစေရန် တို့ပါဝင်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်း ဗီယက်နမ်မှာ ဥပဒေအတော်များများကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ခဲ့ပါတယ်။ တစ်စုံတစ်ယောက်ကသာ အခွင့်အာဏာပေးနေတဲ့ စနစ်ကနေ အပြည်ပြည်ဆိုင်ရာက လက်ခံနိုင်တဲ့ စံနှုန်းများနဲ့အညီ မကွဲရိုစီးပွားရေး အဆင့်မီအောင် ရည်မှန်းပြီး ရေးဆွဲနိုင်ခဲ့တဲ့အတွက် ကြီးစွာသောအရွေ့ကို ဖြစ်စေခဲ့ပါတယ်။ ၂၀၀၈ခုနှစ်စာရင်းအရ အကျင့်ပျက်ခြစားမှု စံနှုန်းထား မကောင်းသေးပေမယ့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးဥပဒေကို၂၀၀၅ခုနှစ်မှာ ထုတ်ပြန်ခဲ့ပြီး ဝန်ကြီးချုပ်ကိုယ်တိုင် ကော်မတီကိုခေါင်းဆောင်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**သုံးသပ်ချက်**

ကမ္ဘာအရပ်ရပ်တွင် ပြည်သူလူထုတို့ဟာ တာဝန်ခံမှု ၊ ထင်သာမြင်သာရှိမှု၊ အကျင့်သိက္ခာကောင်းမွန်မှု၊ ပွင့်လင်းမှု၊ စွမ်းရည်ရှိမှု၊ တရားမျှတမှုနဲ့ ပါဝင်ခွင့်ရှိမှုတို့ စံနှုန်းမြင့်မားတဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးကို ပိုပြီးတောင်းဆိုလာကြပါတယ်။ ဖော်ပြပါ နိုင်ငံများအနက် ဂျပန်နဲ့ တောင်ကိုရီးယားတို့ဟာ ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ ဈေးကွက်စီးပွားရေး စနစ်ကို အချိန်အတော်ကြာကြာကတည်းက လုပ်ထားကြတဲ့အတွက် လုံလုံလောက်လောက် တိုးတက်မှုရရှိထားကြတယ်လို့ဆိုရပါမယ်။ အဲဒီ အစိုးရနှစ်ရပ်လုံးဟာ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုနဲ့ သတင်းအချက်အလက် နည်းပညာတိုးတက်မှုတို့ရဲ့ စိန်ခေါ်မှုများကိုလည်း အလေးအနက်ထားပြီး ပြင်ဆင်ခဲ့ကြပါတယ်။ သို့သော်လည်း သူတို့ပင်လျှင်ကိုင်တွယ်ရန် ပြဿနာများစွာ ထင်ထင်ရှားရှား ကျန်ရှိနေကြပါသေးတယ်။

တရုတ်နဲ့ ဗီယက်နမ်တို့ရဲ့ စီးပွားရေးစွမ်းဆောင်မှုဟာ ထူးခြားစွာတိုးတက် လာခဲ့ကြပါတယ်။ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများလည်း နှစ်နိုင်ငံလုံးမှာ သိသိသာသာ တိုးတက်ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ယှဉ်ပြိုင်နိုင်စွမ်းဟာ တောင်ကိုရီးယားနိုင်ငံကို ၂၀၀၉ခုနှစ်ကတည်းက ကျော်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီနိုင်ငံများဟာ ပြည်သူ့ဝန်ထမ်းရေးရာနဲ့ ဥပဒေရေးရာစနစ်များကို ခေတ်မီ အောင်များစွာ လုပ်နိုင်ခဲ့ကြပါတယ်။

မွန်ဂိုလီးယားဟာ ၁၉၉၀ခုနှစ်က တစ်ပါတီစနစ်နဲ့ စီမံကိန်းစီးပွားရေး စနစ်ကိုဖျက်သိမ်းခဲ့ပြီးနောက် ပါတီစုံနိုင်ငံရေး စနစ်သစ်သို့ ကူးပြောင်းမှု စတင်ခဲ့ပါတယ် ။ နိုင်ငံရေး ၊ အုပ်ချုပ်ရေး၊

စီးပွားရေးနဲ့ ဥပဒေရေးရာတို့ လျင်မြန်စွာ ပြောင်းလဲခဲ့ပါတယ်။ သို့သော်လည်း အရည်အချင်းပြည့်ဝတဲ့ လူသားအရင်းအမြစ်ဟာ အလွန်ဆိုးရွားစွာ လိုအပ်နေဆဲဖြစ်ပြီး စနစ်သစ်များဟာ ရှေ့မတိုးနောက်မဆုတ် အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။

ခြုံပြီးပြောရမယ်ဆိုရင် အရှေ့အာရှနိုင်ငံများဟာ ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်ကောင်းကောင်းနဲ့ လုပ်ခဲ့ကြတဲ့အတွက် တိုးတက်မှုများ လုံလုံလောက်လောက်ရရှိနေကြပြီဖြစ်ပါတယ်။စီးပွားရေး အခြေအနေကောင်းများကလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံဒီဂရီချင်း မတူညီကြပေမဲ့ မှန်မှန်တိုးတက် နေကြပါတယ်။ ဒါပေမယ့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဟာ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအတင်းအဖျင်း မကောင်းသတင်းများနဲ့ အကျင့်ပျက် ခြစားမှုများကြောင့် အချိန်မရွေး ပျက်စီးသွားနိုင်တဲ့ အန္တရာယ်တော့ ရှိနေပါတယ်။ နိုင်ငံရေးနဲ့ သဘောတရားရေးရာမှာ ဘယ်လိုပဲရှိရှိ အရှေ့အာရှ နိုင်ငံများဟာ မကြာမီနှစ်များအတွင်းက ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို သိသိသာသာ မြှင့်တင်နိုင်ခဲ့ကြပါတယ်။ ဥပမာ တောင်ကိုရီးယားနိုင်ငံဟာ အစိုးရပြုပြင် ပြောင်းလဲမှုကိုဦးစားပေးပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဆိုရှယ်လစ်နိုင်ငံများဖြစ်တဲ့ တရုတ်နဲ့ ဗီယက်နမ်ပင်လျှင် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို အလေးအနက်ထားပြီး အကောင်အထည် ဖော်ခဲ့တာကို တွေ့ရပါတယ်။

လူထုက အစိုးရတစ်ရပ် အပေါ်အရေးကြီးတဲ့ အကဲဖြတ်ချက်များစွာတွင် ပြည်သူ့အုပ်ချုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများရဲ့ အရည်အသွေးဟာ အဓိကအချက် တစ်ချက်ဖြစ်ပါတယ်။ ပြည်သူလူထုက အဆိုးမြင်နေပြီး နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုမရှိမချင်း အစိုးရတစ်ရပ်အပေါ် လူထုရဲ့အမြင်ဟာ သိသိသာသာ ပြောင်းလဲမသွားနိုင်ပါဘူး။ ဒါပေမယ့် လူထုအဖွဲ့အစည်းများရဲ့ တန်ဖိုးနဲ့အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်း၊ လက်တွေ့ဖွံ့ဖြိုးတိုးတက်စေတဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခြင်း၊ အစိတ်အပိုင်းအလိုက် ပြောင်းလဲမှုထက် အထိုက်အလျောက် ဘက်စုံ၊အလုံးစုံပါဝင်တဲ့ ပြောင်းလဲမှုကို ဖြစ်စေခြင်း၊ ကမ္ဘာပေါ်မှာ အကောင်းဆုံးနဲ့ စံပြုဖြစ်တဲ့ ပြောင်းလဲခြင်း သဘောတရားများထက် မိမိနိုင်ငံအတွက် အကောင်းဆုံး ကိုက်ညီစေမယ့် စစ်မှန်တဲ့ ပြောင်းလဲခြင်း သဘောတရားကို လက်ခံကျင့်သုံးခြင်း၊ အပြင်ကသွတ်သွင်းပေးတဲ့ ချဉ်းကပ်နည်းထက် ပင်ကိုယ်ဖြစ်သော၊ ကိုယ်တိုင်ပိုင်ဆိုင်သော နည်းလမ်းကို ကျင့်သုံးခြင်းတို့ဖြင့် အစိုးရတစ်ရပ်ဟာ နောက်ဆုံးမှာ အဆုံးအရှုံးအားလုံးကိုကာမိစေမယ့် ကောင်းမွန်တဲ့ အဖြေတစ်ရပ်ကို မလွဲမသွေ ရရှိလာရမှာ ဖြစ်ပါတယ်။

Source : Building trust in Government in Northeast Asia , contributor - Pan Suk Kim

(အပတ်စဉ် ဆက်လက်ဖော်ပြပါမည်)